Bangkok Patana School
The British International School in Thailand
Established 1957

643 Lasalle Road (Sukhumvit 105)
Bangna Tai, Bangna,
Bangkok 10260 Thailand
Tel: +66 (0) 2785 2200
Fax: +66 (0) 2785 2399
Email: reception@patana.ac.th
www.patana.ac.th

# မိဘများအတွက် ကာကွယ်ရေးကျင့်ဝတ်

Bangkok Patana ကျောင်းသည် ကျောင်းသားများ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို အကာအကွယ်ပေးရန် တာဝန်ရှိသည်။

ကျောင်းဝင်းအတွင်း ဝန်ထမ်းများ သို့မဟုတ် ဧည့်သည်များအား အောက်ပါလိုအပ်ချက်များလိုက်နာရန် မျှဝေပါ-

- သင်၏ Patana ကတ် သို့မဟုတ် ဧည့်သည်ကတ် ကို မြင်သာအောင်ထားပါ။
- “Adult” လူကြီးဆိုင်းဘုတ်ပါသော သန့်စင်ခန်းများနှင့် အဝတ်လဲခန်းများကိုသာ အသုံးပြုပါ။
- အိမ်သာများ၊ အဝတ်လဲခန်းများ သို့မဟုတ် Privacy သီးသန့်နေရာများတွင် ကင်မရာများကို အသုံးမပြုပါနှင့်။
- ကျောင်းရှိကျောင်းသားများ၏ဓာတ်ပုံများကိုမရိုက်မီနှင့်အွန်လိုင်းတွင်မည်သည့်အရာကိုမျှမမျှဝေမီတွင်ကောင်းမွန်စွာဆုံးဖြတ်ပါ။
- ကျောင်းရှိကျောင်းသားများအား ဓာတ်ပုံမရိုက်မီနှင့် အွန်လိုင်းတွင်မျှဝေခြင်းမပြုမီ ဆင်ခြင်ဆုံးဖြတ်ချက်များပြုလုပ်ပါ။
- •ကျောင်းတွင်ဖော်ပြထားသော လမ်းညွှန်ချက်များကို လိုက်နာပြီး စိုးရိမ်မှုတစ်စုံတစ်ရာရှိပါက Patana ဝန်ထမ်းများအား အကြောင်းကြားပါ။

မိဘများ၊ ကျောင်းသားများနှင့် ဆရာများကြား ကောင်းမွန်သော ဆက်ဆံရေးကို အလေးပေးသော ကျောင်းဖြစ်ရခြင်းအတွက် ကျွန်ုပ်တို့ ဂုဏ်ယူပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ ကျောင်းသားများထံမှ ကျွန်ုပ်တို့မျှော်လင့်ထားသည့် ယုံကြည်ကိုးစားမှုနှင့် လေးစားဖွယ်အပြုအမူများကို စံနမူနာပြရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့ ခွင့်မပြုသော အချက်များမှာ-

- ကျွန်ုပ်တို့၏ သယ်ယူပို့ဆောင်ရေးဝန်ထမ်းများနှင့်ပြင်ပတွင်ဆက်ဆံသည့်အခါ သို့မဟုတ်  Patana ကျောင်းဝင်း၊ကျောင်းပြင်တွင်ဖြစ်စေ ဝန်ထမ်းများ၊ ကျောင်းသားများနှင့် မိဘ/စောင့်ရှောက်သူများအား ရုပ်ပိုင်း သို့မဟုတ် နှုတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
- ကျောင်းဝင်းအတွင်း ဝန်ထမ်းများ၊ ကျောင်းသားများနှင့် အခြားသူများကို  ကိုယ်ထိလက်ရောက် စော်ကားခြင်းဖြစ်ရပ်များ
- မူးယစ်ဆေးဝါးသုံးစွဲခြင်း သို့မဟုတ် မူးယစ်စေသောဆေးများသုံးစွဲခြင်း

ဤလက်မခံနိုင်သောအပြုအမူများပြုခြင်းရှိပါက ကျောင်းဝင်းဝင်ခွင့်ကို အချိန်အတိုင်းအတာတစ်ခုအထိ တားမြစ်ခံရခြင်း သို့မဟုတ် ရဲတပ်ဖွဲ့မှ ကြားဝင်ခြင်းများခံရနိုင်သည်။

Bangkok Patana ကျောင်းတွင် ရုပ်ပိုင်းဆိုင်ရာ (ရိုက်နှက်ဆုံးမခြင်း) ပြစ်ဒဏ်ပေးခြင်းသည် ကလေးတစ်ဦး၏ ဖွံ့ဖြိုးတိုးမှုအပေါ် သက်ရောက်မှုရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ အိမ်တွင် ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းကို ကျွန်ုပ်တို့လက်မခံပါ။ ၎င်းအစား သင့်လျော်ပြီး ရုပ်ပိုင်းဆိုင်ရာမဟုတ်သော ဒဏ်ပေးခြင်းကို အသုံးပြုရန် မိသားစုများကို ပံ့ပိုးပါသည်။

## မိဘနှင့်ကျောင်းကြား လျှို့ဝှက်ချက်

ကျွန်ုပ်တို့သည် ကျောင်းသားများ၏ လျှို့ဝှက်ချက်များကို လွန်စွာအလေးထားပါသည်။ သဘောတူထားသည့် တရားဝင်အုပ်ထိန်းသူ သို့မဟုတ် ကလေးမိဘနှင့်သာ ကျောင်းဝန်ထမ်းများသည် ကလေးတစ်ဦး၏ အချက်အလက်ကို မျှဝေမည်ဖြစ်သည်။ အချို့သောအခြေအနေများတွင် ကလေးများ၏ ကျန်းမာရေးနှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် အကြောင်းများကြောင့် အစိုးရတာဝန်ရှိသူများထံ သတင်းအချက်အလက်များ ထုတ်ဖော်ရန် လိုအပ်နိုင်ပါသည်။
ထိုနည်းတူ၊ မိဘများအား ပရော်ဖက်ရှင်နယ် အခန်းကဏ္ဍအလိုက် ကျောင်းသားများနှင့်တိုက်ရိုက်ဆက်နွယ်မှုရှိသော Patana ကျောင်းဝန်ထမ်းများမှလွဲ၍ တခြားသောကျောင်းသား သို့မဟုတ် မိသားစု၏ အချက်အလက်များကို ထုတ်ဖော်ခြင်းဖြင့် လျှို့ဝှက်ချက်ကို မချိုးဖောက်ရန် မိဘများကို ကျွန်ုပ်တို့ တောင်းဆိုပါသည်။ ၎င်းမှာ ဆိုရှယ်မီဒီယာ သို့မဟုတ် ဆက်သွယ်ရေးပလပ်ဖောင်းများမှ အခြားမိသားစု/ကျောင်းသား အပေါ် Comments မှတ်ချက်ပေးခြင်းများပါဝင်သည်။

## ကျောင်းနှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်ကြား လျှို့ဝှက်ချက်

BPS သည် ထိုင်းနိုင်ငံရှိ ကိုယ်ရေးကိုယ်တာအချက်အလက်များကာကွယ်ရေးအက်ဥပဒေ Personal Data Protection Act (PDPA) တွင်ဖော်ပြထားသည့် ကိုယ်ရေးကိုယ်တာအချက် အလက်များကို တရားဝင်ဝတ္တရားများနှင့်အညီသာ အချက်အလက်များကိုမျှဝေရန်

**Bangkok Patana School**
*The British International School in Thailand*
*Established 1957*

643 Lasalle Road (Sukhumvit 105)
Bangna Tai, Bangna,
Bangkok 10260 Thailand
Tel: +66 (0) 2785 2200
Fax: +66 (0) 2785 2399
Email: reception@patana.ac.th
www.patana.ac.th

စည်းကြပ်ပါမည်။ လုံခြုံရေးအချက်အလက်များကို ကလေးများအား အန္တရာယ်မှ ကင်းဝေး စေရန် ရည်ရွယ်ချက်အတွက်ဖြင့်သာ ကလေးများ၏အချက်အလက်များကိုမျှဝေရန် စည်းကြပ်ပါမည်။ လုံခြုံရေးမှတ်တမ်းများကို လက်ခံကျောင်း၏ ခေါင်းဆောင်များနှင့်သာ မျှဝေမည်ဖြစ်ပြီး သက်ဆိုင်ရာ အစိုးရဌာနနှင့် ဆွေးနွေးရန် လိုအပ်မှုရှိမှသာ မှတ်တမ်းအားမျှဝေပါမည်။

ကျောင်းများနှင့် သင့်လျော်သော အေဂျင်စီများကြား လျှို့ဝှက်ချက်

BPS သည် Thailand Personal Data Protection Act (PDPA) တွင်ဖော်ပြထားသော ဥပဒေပါဝတ္တရားများနှင့်အညီ ကိုယ်ရေးကိုယ်တာအချက်အလက်များကို မျှဝေကြောင်း သေချာစေမည်ဖြစ်ပါသည်။ ကျောင်းသည် အချက်အလက်များ လုံခြုံစေရန် အမြဲတစေ မျှဝေထားကြောင်း သေချာစေမည်ဖြစ်ပါသည်။ မှတ်တမ်းများကို သင့်လျော်သော အစိုးရအေဂျင်စီများနှင့် ဆွေးနွေးရန် မလိုအပ်ပါက လက်ခံကျောင်း၏ သတ်မှတ်ထားသော အကာအကွယ်ပေးရေး ဦးဆောင်သူနှင့်သာ မှတ်တမ်းများကို အကာအကွယ်ပေးခြင်းကို

ဤကျင့်ဝတ်စည်းကမ်းကို ကျွန်ုပ်ဖတ်ရှုပြီး သဘောတူပါသည်။

လက်မှတ်-........................................................................................ အမည် ........................................................................................

ရက်စွဲ-........................................................................................ ........................................................................................ ၏မိဘ